**အာဆီယံကာကွယ်ရေးဝန်ကြီးများထံ အိတ်ဖွင့်ပေးစာ**

**၂၀၂၂ ခုနှစ် ဇွန်လ ၁၅ ရက်**

သို့

ဗိုလ်ချုပ်ကြီး Tea Banh၊ ဒုတိယဝန်ကြီးချုပ် နှင့် ကာကွယ်ရေးဝန်ကြီး၊ ကမ္ဘောဒီးယားနိုင်ငံ
ဘုရင် Sultan Haji Hassanal Bokiah Mu'izzaddin Waddaulahibni Al-Marhum၊
ကာကွယ်ရေးဝန်ကြီး၊ ဘရူးနိုင်းဒရူစလန်နိုင်ငံ
Prabowo Subianto၊ ကာကွယ်ရေးဝန်ကြီး၊ အင်ဒိုနီးရှားနိုင်ငံ
ဗိုလ်ချုပ်ကြီး Chansamone Chanyalath၊ ဒုတိယဝန်ကြီးချုပ် နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီး၊
လာအိုနိုင်ငံ
The Honerable Dato' Seri Hishammuddin bin Tun Hussein၊ ကာကွယ်ရေးဝန်ကြီး၊ မလေးရှားနိုင်ငံ
Delfin N. Lorenzana၊ အမျိုးသားကာကွယ်ရေးဆိုင်ရာ အတွင်းရေးမှူး၊ ဖိလစ်ပိုင်နိုင်ငံ
Dr. Ng Eng Hen၊ ကာကွယ်ရေးဝန်ကြီး၊ စင်္ကာပူနိုင်ငံ
ဗိုလ်ချုပ်ကြီး Prayut Chan-o-cha၊ ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး၊ ထိုင်းနိုင်ငံ
ဗိုလ်ချုပ်ကြီး Phan Van Giang၊ ကာကွယ်ရေးဝန်ကြီး၊ ဗီယက်နမ်နိုင်ငံ

အကြောင်းအရာ။ ။ အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးသို့ မြန်မာစစ်အုပ်စုမှ ပါဝင်တက်ရောက်မည့် ကိစ္စ။

လေးစားရပါသော ဂုဏ်သရေရှိ လူကြီးမင်းများရှင်/ခင်ဗျား

မကြာမီကျင်းပမည့် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး (ASEAN Defense Ministers' Meeting - ADMM) သို့ မြန်မာစစ်အုပ်စု၏ ကာကွယ်ရေးဝန်ကြီးဌာနကို ဖိတ်ကြားခြင်း မပြုလုပ်ပါရန် ဤအိတ်ဖွင့်ပေးစာတွင် လက်မှတ်ရေးထိုးထားသည့် မိမိတို့ မြန်မာ၊ ဒေသတွင်းနှင့် နိုင်ငံတကာ အရပ်ဘက်လူထုအဖွဲ့အစည်း ၆၇၇ ဖွဲ့က တောင်းဆိုပါသည်။

မြန်မာစစ်အုပ်စု၏ ကျူးလွန်မှုများသည် နိုင်ငံတကာနှင့် ပြည်တွင်းဥပဒေများက ဖွင့်ဆိုထားသည့် အကြမ်းဖက်မှု အဓိပ္ပါယ်နှင့် လုံးဝကိုက်ညီနေသည့်အပြင် စစ်အုပ်စုသည် ၎င်း၏ တရားမဝင် အာဏာသိမ်းရေး ကြိုးပမ်းမှုနောက်ပိုင်း ဖြစ်ပွားနေသော နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် လူသားချင်းစာနာ ထောက်ထားမှု ဆိုင်ရာဥပဒေ ချိုးဖောက်မှုများအတွက်လည်း တာဝန်ရှိသည်။ စစ်အုပ်စု၏ တရားမဝင် အာဏာသိမ်းရန် ကြိုးပမ်းချိန်နောက်ပိုင်း မြန်မာပြည်သူများအပေါ် ကျူးလွန်သော အကြမ်းဖက်

တိုက်ခိုက်မှုများကြောင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ရသူဦးရေ ၇၀၀,၀၀၀ နီးပါး ရှိလာပြီဖြစ်သည်။ စစ်အုပ်စုသည် ပြည်သူလူထု၏ ခုခံတော်လှန်မှုနှင့်ကြုံနေရပြီး လူပေါင်း ၁,၉၀၀ ကျော်ကို သတ်ဖြတ်ခြင်း၊ လူဦးရေ ၁၄,၀၀၀ ကျော်ကို မတရားဖမ်းဆီးခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်ခြင်း၊ လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးများဖြင့် အရမ်းကာရော ပစ်ခတ်ခြင်း၊ ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းအပြင် ပြည်သူတို့၏ ပိုင်ဆိုင်မှုများကို လုယက်ဖျက်ဆီးခြင်းများ လုပ်ဆောင်ကျူးလွန်နေလျက် ရှိသည်။

လာမည့် ဇွန်လ ၂၁ ရက်နေ့တွင် ကျင်းပရန် စီစဉ်ထားသည့် ၁၆ ကြိမ်မြောက် ADMM အစည်းအဝေးတွင် စစ်အုပ်စု၏ ကာကွယ်ရေးဝန်ကြီးဖြစ်သူ ဗိုလ်ချုပ်မြထွန်းဦးက မြန်မာနိုင်ငံကို ကိုယ်စားပြု တက်ရောက်မည်ဟု မိမိတို့မှ သိရှိနားလည်ထားပါသည်။ ဗိုလ်ချုပ်မြထွန်းဦးသည် စစ်တပ်ကို စီမံခန့်ခွဲနေသည့် အရေးပါသော ဦးဆောင်မှုကဏ္ဍတွင် ပါဝင်နေပြီး လက်ရှိဖြစ်ပွားနေသော ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှုများကို ပြစ်ဒဏ်ပေးအရေးယူခံရခြင်း ကင်းလွတ်စွာ ကျူးလွန်နေမှုများအတွက် တာဝန်ရှိသူတစ်ဦးလည်း ဖြစ်သည်။ နိုင်ငံတကာဥပဒေ ချိုးဖောက်မှုများအတွက် မြထွန်းဦး၏ တိုက်ရိုက်တာဝန်ရှိမှုကို အမေရိကန်ပြည်ထောင်စု၊ ယူကေ၊ ဥရောပသမဂ္ဂ၊ ကနေဒါနှင့် နယူးဇီလန် နိုင်ငံများက အသိအမှတ်ပြုထားပြီး ဖြစ်သကဲ့သို့ ၎င်းကိုလည်း ဒဏ်ခတ်အရေးယူပိတ်ဆို့မှုများ လုပ်ဆောင်ထားပြီး ဖြစ်သည်။ မြထွန်းဦးသည် ၎င်း၏ ရာထူးအရ “အဆိုပါ ချိုးဖောက်မှုများအတွက် အမိန့်ပေးသည့်တာဝန် (Command Responsibility) ရှိသည်ဖြစ်ရာ အဆိုပါလုပ်ရပ်များအတွက် တာဝန်ခံရမည်ဖြစ်သည်” ဟု ယူကေနိုင်ငံ ထုတ်ပြန်ထားသည်။ ထို့အပြင် မြထွန်းဦးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (State Administrative Council - SAC) အဖွဲ့ဝင် တစ်ဦးလည်း ဖြစ်သည်။ “ဗိုလ်ချုပ်မြထွန်းဦးသည် စစ်ကောင်စီအဖွဲ့ဝင်တစ်ဦးအဖြစ် နိုင်ငံ၏လုပ်ငန်း ဆောင်ရွက်မှုများနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်ချရာတွင် တိုက်ရိုက်ပါဝင်ပတ်သက်မှု ရှိနေခြင်းကြောင့် ဒီမိုကရေစီနှင့် တရားဥပဒေစိုးမိုးရေးကို ဆုတ်ယုတ်စေမှုအတွက် တာဝန်ရှိသည်” ဟု ဥရောပသမဂ္ဂက အသိအမှတ်ပြု ထုတ်ပြန်ထားသည်။ မြထွန်းဦးသည် မြန်မာစစ်တပ်၏ အာဏာသိမ်းရေး ကြိုးပမ်းမှုနှင့် စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများတွင် ၎င်း၏ ပါဝင်မှုအခန်းကဏ္ဍအတွက် တာဝန်ယူမှု တာဝန်ခံမှု ရှိရမည်ဖြစ်ပြီး ၎င်းအား ADMM အစည်းအဝေးသို့ ပါဝင်တက်ရောက်ခွင့် ပေးခြင်းအားဖြင့် ဂုဏ်မပြုသင့်ပေ။

အာဆီယံအနေဖြင့် ၂၀၂၁ ခုနှစ် အာဆီယံထိပ်သီးအစည်းအဝေးတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို ချန်လှပ်ထားခဲ့သကဲ့သို့ စစ်အုပ်စု၏ နိုင်ငံခြားရေးဝန်ကြီး ဝဏ္ဏမောင်လွင်ကိုလည်း ၂၀၂၂ ခုနှစ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခွင့် မပေးခဲ့သည့်အပေါ် မိမိတို့မှ ကြိုဆိုပါသည်။ သို့ရာတွင် ADMM သည် စစ်အုပ်စု၏ တရားမဝင် အာဏာသိမ်းရေး ကြိုးပမ်းမှုနောက်ပိုင်း ဝန်ကြီးဌာနအဆင့် အပါအဝင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဝဏ္ဏမောင်လွင်တို့ကို အစည်းအဝေး

တက်ရောက်ခွင့် မပေးခဲ့သည့် အာဆီယံ၏ ဆုံးဖြတ်ချက်များသည် တစ်သမတ်တည်း ရှိမနေသည်ကို မိမိတို့မှ စိုးရိမ်ဖွယ် တွေ့ရှိရပါသည်။ စစ်ရေးလေ့ကျင့်မှုများ ပါဝင်သည့် ADMM နှင့် စစ်အုပ်စုတို့၏ ထိတွေ့ဆက်ဆံမှုသည် စစ်အုပ်စု၏ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများကို ကူညီထောက်ပံ့ ပေးခြင်းနှင့် အားပေးအားမြှောက်ပြုခြင်းကို ဦးတည်သွားစေလိမ့်မည် ဖြစ်သည်။

အာဆီယံအနေဖြင့် မြန်မာစစ်အုပ်စုအား တရားဝင်မှုမပေးရန် အလွန်အရေးကြီးပြီး ၎င်း၏ ပဋိညာဉ်စာတမ်းကို ကိုင်စွဲ၍ နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေများကို လေးစားလိုက်နာသောအားဖြင့် စစ်အုပ်စုကို ADMM မှ ဖယ်ထုတ်ထားရမည် ဖြစ်သည်။ ADMM အစည်းအဝေးတွင် စစ်အုပ်စုကို ပါဝင်တက်ရောက်ခွင့်ပြုခြင်းသည် အာဆီယံအနေဖြင့် စစ်အုပ်စုကို ပံ့ပိုးကူညီမှုနှင့် တရားဝင်မှု ပေးနေခြင်းသာဖြစ်ပြီး စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများထဲတွင် ကြံရာပါအဖြစ် ရောက်သွားမည့်အန္တရာယ် ပိုရှိသည့်အပြင် နိုင်ငံတစ်ဝှမ်းတွင် အကြမ်းဖက်တိုက်ခိုက်မှု ကျူးလွန်နေသည့် စစ်အုပ်စုကို ပိုမိုရဲတင်းစွာဖြင့် ကျူးလွန်နိုင်စေရန်အတွက် အားပေးအားမြှောက် ပြုရာလည်း ရောက်လိမ့်မည် ဖြစ်သည်။

အာဆီယံကာကွယ်ရေးဝန်ကြီးများအနေဖြင့် မြထွန်းဦးအား ယင်း ၁၆ ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးနှင့် နောင်အနာဂတ်တွင် ကျင်းပပြုလုပ်မည့် အခြားအစည်းအဝေးများ အားလုံးသို့ ဖိတ်ကြားခြင်း မပြုရန် မိမိတို့မှ တောင်းဆိုပါသည်။ ထို့အတူ အမျိုးသားညီညွတ်ရေးအစိုးရကို မြန်မာနိုင်ငံ၏ တရားဝင်အစိုးရအဖြစ် ထိတွေ့ဆက်ဆံမှုများ လုပ်ဆောင်ပြီး မြန်မာနိုင်ငံ၏ အကျပ်အတည်းကို ဖြေရှင်းရေး လုပ်ဆောင်ရန် တောင်းဆိုသည်။

## ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်


ဒေါ်ခင်ဥမ္မာ၊ ရှေ့ပြေးအသံအဖွဲ့၊ info@progressive-voice.org

Debbie Stothard၊ ALTSEAN-Burma၊ debbie@altsean.org

Salai Za Uk Ling၊ ချင်းလူ့အခွင့်အရေးအဖွဲ့၊ zauk@chinhumanrights.org


## လက်မှတ်ရေးထိုးသော အဖွဲ့အစည်းများ

*လက်မှတ်ရေးထိုးထားသော အဖွဲ့အစည်းများတွင် အောက်ပါအမည်ဖော်ပြထားသည့် မြန်မာ၊ ဒေသတွင်းနှင့် နိုင်ငံတကာ အရပ်ဘက်လူထုအဖွဲ့အစည်း ၂၉၉ ဖွဲ့နှင့် အမည်မဖော်ပြလိုသော မြန်မာအရပ်ဘက်လူထုအဖွဲ့အစည်း ၃၇၈ ဖွဲ့တို့ ပါဝင်ပါသည်။*

1. "Do" farmer Organization
2. 8888 Generation (New Zealand)
3. 8888 New Generation (Mohnyin)
4. Action Against Myanmar Military Coup (Sydney)
5. Action Committee for Democracy Development
6. Active Youths (Kalaymyo)
7. Ah Nah podcast- Conversation with Myanmar
8. Ah. La. Ka (12) Hta Khwe, Primary Education Student Union
9. All Arakan Students and Youths’ Congress
10. All Burma Democratic Face in New Zealand
11. All Burma Student Democratic Front - Australia Branch
12. All Religions Strike Column
13. All Young Burmese League (AYBL)
14. Alliance for Free Burma Solidarity
15. Alternative Solutions for Rural Communities (ASORCOM)
16. ALTSEAN-Burma
17. Anti Dictatorship in Burma DC Metropolitan Area
18. Anti-Myanmar Dictatorship Movement
19. Anti-Myanmar Military Dictatorship Network (AMMDN)
20. Arakan CSO Network
21. Arakan Humanitarian Coordination Team- AHCT
22. ASEAN Parliamentarians for Human Rights (APHR)
23. Asia Justice and Rights (AJAR)
24. Asia Pacific Solidarity Coalition
25. Asian Cultural Forum on Development (ACFOD) Philippines
26. Asian Cultural Forum on Development Foundation (ACFOD) Thailand
27. Asian Dignity Initiative
28. Asian Forum for Human Rights and Development (FORUM-ASIA)
29. Association for Advancement of Freedom of Religion or Belief in Vietnam (AAFORB-VN)
30. Association of Human Rights Defenders and Promoters
31. Athan - Freedom of Expression Activist Organization
32. Auckland Kachin Community NZ
33. Auckland Zomi Community
34. Aung Myay Thar Zan Education Schools Strike Column
35. Aung Pin Lae Main Strike Column
36. Australia Burma Friendship Association, Northern Territory
37. Australia Karen Organization WA Inc.
38. Australia Myanmar Doctors, Nurses and Friends
39. Australia Myanmar Youth Alliance (AMYA)
40. Australian Burmese Muslim Organisation
41. Australian Chin Community (Eastern Melbourne Inc)
42. Australian Karen Organisation (AKO)
43. Australian Karen Organisation Inc
44. Back Pack Health Workers Team
45. Bamar Community Tasmania
46. BCC (စစ်ကိုင်း)
47. Blood Money Campaign
48. Buddhist Solidarity Association
49. Burma Action Ireland
50. Burma Campaign UK
51. Burma Human Rights Network

52. Burma Lawyers' Council (BLC)
53. Burma Medical Association
54. Burma Soumalaiset (Finland)
55. Burmese Community - South Australia
56. Burmese Community Development Collaboration (BCDC)
57. Burmese Community Group (Manawatu, NZ)
58. Burmese Community Support Group (BCSG)
59. Burmese Friendship Association
60. Burmese Medical Association Australia (BMAA)
61. Burmese Rohingya Organisation UK
62. Burmese Rohingya Welfare Organisation New Zealand
63. Burmese Women's Union
64. Cambodian Americans and Friends for Democracy and Human Rights Advocate
65. Campaign for a New Myanmar
66. Canberra Karen Association
67. CDM Support Team Mandalay (CSTM)
68. Chan Mya Thar Si Township People Strike Column
69. Chin Community - South Australia
70. Chin Community of Auckland
71. Chin Community of Western Australia Inc.
72. Chin Community Tasmania
73. Chin Human Rights Organization
74. Chin MATA Working Group
75. Chin Resources Center
76. Chin Youth Organization (Matupi)
77. Citizen of Burma Award - New Zealand
78. CIVICUS: World Alliance for Citizen Participation
79. Committee Representing Mandalay Region Hluttaw
80. Cooperative University Student Strike Column
81. CRPH & NUG Supporters Ireland
82. CRPH Funding Ireland
83. CRPH Support Group, Norway
84. CRPH, NUG Support Team Germany - Deutschland
85. CRPH/NUG support group Australia
86. Dawei Development Association
87. Dawei Probono Lawyer Network
88. Democracy for Myanmar - Working Group (NZ)
89. Democracy, Peace and Women's Organization
90. Democratic Youth Council
91. Doh Atu - Ensemble pour le Myanmar
92. Dragon Dawn
93. Education and health care for Myanmar-Thailand Association
94. Education Family (Anti - Fascists Education Strike Columns Coordination Committee)
95. Educational Initiatives Myanmar
96. Equality Myanmar
97. Ethnic Youth General Strike Committee
98. Falam Community - South Australia
99. Federal Myanmar Benevolence Group (NZ)
100. Foundation of Khmer Samaki
101. Free Burma Campaign (South Africa)
102. Free Expression Myanmar (FEM)

103. Free Rohingya Coalition
104. Future Light Center
105. Future Thanlwin
106. General Strike Committee of Nationalities - GSCN
107. Generation Wave
108. Generations (မျိုးဆက်)
109. GenY For Revolution Japan
110. German Solidarity with Myanmar Democracy e.V.
111. Global Myanmar Spring Revolution
112. Global Myanmar Spring Revolution - Japan
113. Global Myanmar Spring Revolution - Korea
114. Golden Heart Organization
115. Grass-root People
116. Human Rights Educators' Network
117. Human Rights Foundation of Monland
118. In Defense of Human Rights and Dignity Movement (iDEFEND) Philippines
119. India For Myanmar
120. Industrial Training Centre (ITC) Family Sydney
121. Info Birmanie
122. Initiatives for International Dialogue
123. Institute for Asian Democracy
124. Inter Pares
125. Interfaith Youth Coalition on Aids in Myanmar (IYCA-Myanmar)
126. International Campaign for the Rohingya
127. International Karen Organisation
128. JASS Southeast Asia
129. Joint Action Committee for Democracy in Burma (JACDB)
130. Justice 4 Myanmar - Hope & Development
131. Justice Movement for Community-Innlay
132. Justice For Myanmar
133. Kachin Association Australia
134. Kachin Association of Australia WA Inc.
135. Kachin Human Rights Watch
136. Kachin State Women Network
137. Kachin Women's Association Thailand
138. Kachin Women's Union
139. Kadu Youth Development Association (KYDA)
140. Kalyarna Metta Association (Khin U)
141. Kanbung Youth (Matupi)
142. Kanpetlet Land Development Organization
143. Karen Community - South Australia
144. Karen Human Rights Group
145. Karen Peace Support Network
146. Karen Swedish Community (KSC)
147. Karen Women's Organization
148. Karenni Community of Western Australia Inc.
149. Karenni Federation of Australia
150. Karenni Human Rights Group
151. Karenni Society New Zealand
152. Kayan Internally Displacement Supervising Committee (KIDSC)
153. Kayan Women's Organization

154. Kayin Community Tasmania
155. Keng Tung Youth
156. Khanthar Farmers Network
157. Khumzup Local Development Committee
158. Kurawal Foundation
159. Kyauktada Strike Committee
160. LA COMMUNAUTÉ BIRMANE DE FRANCE
161. LGBTIQ Strike of Mandalay
162. Maha Aung Myay Township People Collective Strike Column
163. Mandalar University Student Strike Column
164. Mandalay Alliance Strike Collective Column
165. Mandalay Based People Strike Column
166. Mandalay Civil Society Organizations
167. Mandalay Engineer Group
168. Mandalay Engineer United Force
169. Mandalay University Student Alumni Union
170. Mandalay Wholesale Strike Column
171. Mandalay Youth Association
172. Mandalay Youth Strike Column
173. MATA Sagaing Region
174. Matu Chin Community - South Australia
175. Matu Forum Committee
176. Matu Women Association
177. Medical Family – Mandalay
178. Metta Campaign Mandalay
179. MIIT Student Strike Column
180. MilkTeaAlliance Calendar
181. MilkTeaAlliance Galleries
182. Mindanao Peacebuilding Institute Foundation, Inc. (MPI)
183. Mindat Chin Community NSW
184. Mindat Community - South Australia
185. Mindat Emergency Response Team (MERT)
186. Mizo Community - South Australia
187. Mon Families Group
188. Mon National Council (MNC)
189. Mung Chying Rawt Jat (MRJ)
190. Muslim Youth Network
191. Muslim Youth Union
192. Mya Taung Strike Column
193. Myanmar Accountability Project
194. Myanmar Action Group Denmark
195. Myanmar Alliance for Transparency and Accountability
196. Myanmar Buddhist Community of South Australia
197. Myanmar Community Coffs Harbour (MCC)
198. Myanmar Cultural Research Society (MCRS)
199. Myanmar Democracy and Peace Committee (Australia)
200. Myanmar Democratic Movement (MDM)
201. Myanmar Diaspora Group Finland
202. Myanmar Engineering Association of Australia (MEAA)
203. Myanmar Engineers - New Zealand
204. Myanmar Gonye (New Zealand)

205. Myanmar People Alliance (Shan State)
206. Myanmar People from Ireland
207. Myanmar People Residing in Canberra
208. Myanmar Professionals Association Australia (MPAA)
209. Myanmar Railway, Region (3) CDM Strike Column
210. Myanmar Students' Association Australia (MSAA)
211. Myanmar Students' Union in New Zealand
212. Netherlands Myanmar Solidarity Platform
213. Network for Advocacy Action
214. Network for Human Rights Documentation Burma (ND-Burma)
215. New Zealand Doctors for NUG
216. New Zealand Karen Association
217. New Zealand Zo Community Inc.
218. NLD Solidarity Association (Australia)
219. No 7 State High School Alumni Strike Column
220. No Business With Genocide
221. Northern Spectrum Youth Association
222. NSW Karenni (Kayah) Communities
223. OCTOPUS (Youth Organization)
224. Open Development Foundation
225. Overseas Mon Association, New Zealand
226. Pan Pa Wash People Strike Column
227. Patriotic War Vetrans of Burma (PWVB)
228. Peace and Culture Foundation
229. People’s Hope Spring Revolution
230. Phayagye Peace Strike Column
231. Private Pre-school Teachers Association
232. Progressive Voice
233. Pusat Komas
234. Pyi Gyi Ta Gon Strike
235. Pyithu Gonye (New Zealand)
236. Queensland Kachin Community (QKC)
237. Queensland Myanmar Youth Collective (QMYC
238. Queensland Rohingya Community
239. Rohingya Action Ireland
240. Rvwang Community Association New Zealand
241. Sangha Samaga Strike Column
242. Save and Care Organization for Women at Border Areas
243. SAVE MYANMAR - USA
244. Save Myanmar Fundraising Group (New Zealand)
245. Sein Pan Strike Column
246. Shan Community (New Zealand)
247. Shan MATA
248. Shan Women Development Network
249. Shape-Sea
250. Shwe Youth Democratic Alliance (SYDA)
251. Shwechinthae Farmers Network
252. Sisters 2 Sisters
253. Sitt Nyein Pann Foundation
254. Social Garden
255. Southeast Asia Freedom of Expression Network (SAFEnet)

256. Southern Youth Development Organization
257. Strike Column of Representatives of Arbitrarily Arrested People
258. Strike Column of Teachers from Universities and Degree Colleges of Mandalay
259. Students & Youth Congress of Burma (SYCB)
260. Support for Myanmar
261. Swedish Burma Committee
262. Swedish Foundation for Human Rights
263. Sydney Friends for Myanmar Unity
264. Ta’ang Women’s Organization
265. Taekwando Sport Association
266. Tanintharyi MATA
267. Tanintharyi Nationalities Congress
268. Tanintharyi People's Voice
269. Tanintharyi Women's Network
270. Thai Action Committee for Democracy in Burma (TACDB)
271. Thapaynyo News Letter
272. The Commission for the Disappeared and Victims of Violence (KontraS)
273. The Institution of Professional Engineers Myanmar (IPEM)
274. Together Thanlyin
275. Twitter Team for Revolution
276. U.S. Campaign for Burma
277. Uakthon Local Social Development Organization
278. United Myanmar Community of South Australia
279. Victorian Burmese Care Community (VBCC)
280. Victorian Myanmar Youth (VMY)
281. Way Way Nay
282. We Pledge CDM (Australia)
283. Western Australia Myanmar Community (WAMC)
284. Western Australia Myanmar Democratic Network (WAMDN)
285. Winemaw Civil Society Network
286. Winemaw Lisu Development Association
287. Women Activists Myanmar (WAM)
288. Women Advocacy Coalition-Myanmar
289. Women’s League of Burma
290. Women's Peace Network
291. Zo Community - South Australia
292. Zomi Association Australia Inc.
293. Zomi Community - South Australia
294. Zomi Community Queensland
295. ခုနစ်စင်ကြယ်အဖွဲ့
296. ဒို့မြေကွန်ရက် (LIOH)
297. ဒေါင်းစစ်သည်
298. ပွင့်ဖြူလယ်ယာမြေကွန်ရက်
299. ပဲခူး MATA